# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

NEWSLETTER VOLUME NO. 12

DATED: January 2025


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟန္နိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ |
| ၅။ | (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား |
| ၆။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (လေ)၏ ဖွဲ့စည်းတည်ထောင်မှု (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့် |
| ၇။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ် |
| ၈။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ် |
| ၉။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော် (ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့တက်ရောက်ချီးမြှင့် |

| | |
|---|---|
| ၁၀။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် ITAR-TASS သတင်းဌာန၏ ထိုင်းနိုင်ငံဌာနခွဲအကြီးအကဲ Mr. Igor Brovarnik အား လက်ခံတွေ့ဆုံ ရုပ်သံအင်တာဗျူးဖြေကြား |
| ၁၁။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှာလ်ဘန်း ကာရာအော်လ်အား လက်ခံတွေ့ဆုံ |
| ၁၂။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး မစ္စတာ အူလာဇမီယာ ဘာရာဗီကူအား လက်ခံတွေ့ဆုံ |
| ၁၃။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာ အဘ်ပေး တာကူးရ်အား လက်ခံတွေ့ဆုံ |
| ၁၄။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အား လက်ခံတွေ့ဆုံ |
| ၁၅။ | ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်သည့် အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက် |
| ၁၆။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ကျိန်းမနက်သ်အား လက်ခံတွေ့ဆုံ |
| ၁၇။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လာအိုနိုင်ငံသံအမတ်ကြီး မစ္စတာ ဘွန်ဗီယန် ကျန်ထဝုန် အား လက်ခံတွေ့ဆုံ |
| ၁၈။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ သတ္တမအကြိမ်မြောက် မြန်မာ-တရုတ် (ယူနန်) ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက် |
| ၁၉။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် ဌာနေကိုယ်စားလှယ် အသစ်တို့အား လက်ခံတွေ့ဆုံ |
| ၂၀။ | နိုင်ငံတကာ အပူပိုင်းဒေသ သစ်ကောင်စီ၏ (၆၀) ကြိမ်မြောက်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၂၁။ | IKEBANA International Fair 2024 သို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ ပါဝင်ဆင်နွှဲ |
| ၂၂။ | "မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဖိုရမ်" သို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ ပါဝင်တက်ရောက် |

| | |
|---|---|
| ၂၃။ | အာဆီယံကော်မတီ (တိုကျို)အစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားနှင့် နေ့လယ်စာစားပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၂၄။ | အယ်လ်ဒီပီပါတီ၏နာဂိုယာပြည်နယ်လွှတ်တော်အမတ်များနှင့် ပြုလုပ်သော မြန်မာနိုင်ငံဆိုင်ရာ ဟောပြောပို့ချပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၂၅။ | ဂျပန်ဟင်းလျာချက်ပြုတ်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ဂျပန်နိုင်ငံဆိုင်ရာ၊ မြန်မာသံအမတ်ကြီး တက်ရောက်အမှာစကားပြောကြား |
| ၂၆။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၈ လတာ ကာလအတွင်း မြန်မာ့ဆန် တန်ချိန် ၁.၇ သန်းကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ |
| ၂၇။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ ၇ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ သန်းကျော် တန်ဖိုးရှိ မြန်မာ့ပျားရည်များ ပြည်ပသို့ တင်ပို့နိုင်ခဲ့ |
| ၂၈။ | မြန်မာနိုင်ငံသည် လာအိုနိုင်ငံသို့ အလုပ်သမား ၃၀,၀၀၀ ခန့် စေလွှတ် |
| ၂၉။ | မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ |

EMBASSY OF MYANMAR

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ညှိခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ခိုင်ခိုင်မာမာ ရပ်တည်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင်

ရုရှားနိုင်ငံမှ လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့် အခြေအနေများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များ

ဖြစ်ကြောင်း၊ ဦးတည်ချက် (၉)ရပ်သည် နိုင်ငံတော်၏ မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန် အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသည် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အဆင့်ဆင့်ခွဲဝေပေးထားပြီးဖြစ်၍ မှန်မှန်ကန်ကန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ပေးမှ ဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက်သည်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ တိုးတက်မှု နည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုများဖြင့် ကျေနပ်၍မရဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ် တိုးတက်အောင်မြင်မှုရှိရန်လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် လက်တွေ့ကျသည့်စီမံကိန်းနှင့် ပြည်သူကိုအမှန်တကယ် အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ အသေးစိတ်တွက်ချက် ရေးဆွဲရန်လိုကြောင်း၊ မြေပြင်အခြေအနေမှန်များကို လေ့လာသုံးသပ်ပြီးမှသာ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံဘဏ္ဍာငွေများကိုသုံးစွဲရာတွင်လည်း လက်တွေ့အကျိုးပြုစေနိုင်မည့်နေရာများ၌ သုံးစွဲသွားရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုအပေါ် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျစိစစ်ကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း။

စိမ်းလန်းသာယာစိုပြည်ရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မိုးရာသီ၌ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးခဲ့သည့်အပင်များ ဆက်လက်ရှင်သန် ဖြစ်ထွန်းစေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝကောက်ခံရရှိပြီး ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ပိုမိုအသုံးပြုနိုင်စေရန် ဆောင်ရွက်ရေး စသည်တို့ကို မှာကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟန္နိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟန္နိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမို မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများ မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကျောင်းသားကျောင်းသူများ လေ့လာရေးခရီးစေလွှတ်ရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟန္ဒိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အားလက်ခံတွေ့ဆုံစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြားချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ မြန်မာနှင့် ကာလ်မီးကီယာပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဖိုရမ် ကျင်းပသွားမည့်အခြေအနေများနှင့် ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာနိုင်ငံမှ ကူညီဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကာလ်မီးကီယာပြည်နယ်အကြား ကိုးကွယ်ယုံကြည်မှုအရ၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု များကို မြှင့်တင်ဆောင်ရွက်ခြင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင်

အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင် သည့် အခြေအနေများ၊ နှစ်ဖက်တာဝန်ရှိသူများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက် ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

EMBASSY OF MYANM



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV အားရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။**

## (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၀

(၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်သည် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည့် (၇၆)နှစ်ပြည့် မြောက်သည့်နေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ထောက်ခံအတည်ပြုခဲ့ရုံသာမက နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသူနိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်းဖော်ပြထားကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အရေးကြီးသည့် လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းပေးထားသည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းတွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းဟူသည့် လူ့အခွင့်အရေးစံများ ဖော်ညွှန်းပါဝင်သည်ကို တွေ့နိုင်ကြောင်း၊ ယင်းအချက်များသည် မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု အလေးထားသော ထင်ရှားသည့် ဝိသေသလက္ခဏာများဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး

EMBASSY OF MYANMAR, TOKYO

တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ပါအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းသာယာမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး လူ့အခွင့်အရေးစံနှုန်းမြင့်မားသည့် နိုင်ငံဖြစ်လာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့သည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (လေ)၏ ဖွဲ့စည်းတည်ထောင်မှု (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ တပ်မတော်(လေ)၏ (၇၇)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကားမြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားဖြစ်ပြီး ယခုကဲ့သို့ မင်္ဂလာရှိသည့်နေ့တွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များထမ်းဆောင်ရာ၌ တပ်မတော်(လေ)၏ စွမ်းရည်မြင့်မားတိုးတက်ရေးအတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော် (လေ)အတွက် ဂုဏ်ယူဖွယ်ရာ နေ့တစ်နေ့ဖြစ်ကြောင်း။

မျက်မှောက်ခေတ် ကမ္ဘာတစ်လွှား ဖြစ်ပွားနေသည့် စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများကို လေ့လာဆန်းစစ်ကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအား သာလွန်ကောင်းမွန်မှုသည် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏စိတ်ဓာတ်နှင့် တိုက်စွမ်းရည် ပိုမိုအားကောင်းတိုးတက်စေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် တပ်မတော် (လေ)အနေဖြင့် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများကို မျက်ခြေမပြတ် လေ့လာသုံးသပ်ဆန်းစစ်ပြီး လိုက်လျောညီထွေစွာ ပြောင်းလဲတိုးတက် ဆောင်ရွက်နေရမည်ဖြစ်ကြောင်းကို အလေးအနက်မှာကြားလိုကြောင်း။

တပ်မတော်က ဆောင်ရွက်အကောင်အထည်ဖော်နေသည့် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်(လေ) အနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ဆက်လက်ပါဝင်ထမ်းဆောင်သွားကြရန်၊ ယခုတပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားစွာ ကိုင်တွယ်အသုံးပြု ပုံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်ကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်သည့် စွမ်းရည်မြင့်မားသော ခေတ်မီတပ်မတော်(လေ)အဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးစားအားထုတ် တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး H.E. Mr. CHENG Manith သည် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက် ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက် နိုင်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုများ တိုးတက်ကောင်းမွန် လျက်ရှိမှုနှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံမှု နှစ်(၇၀)ပြည့် အခမ်းအနားများကို အနှစ်သာရရှိရှိဖြင့် ကျင်းပနိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

EMBASSY OF MYANMAR TOKYO



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHENG Manith အားလက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHENG Manith က ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ်ခန့်အပ်ရန် သဘောတူပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ခန်းမဆောင်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်း နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ချစ်ကြည်ရေးတံတားမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ ကူးလူးဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်နိုင်မည့်အခြေအနေများ၊ အပြန်အလှန်ကုန်သွယ်မှုများ တိုးတက်စေရေးအတွက် လေကြောင်းတိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ပညာတော်သင်များ အပြန်အလှန်စေလွှတ်လျက်ရှိမှုနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန် စေလွှတ်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG အား လက်ခံတွေ့ဆုံစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG က ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော် (ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ တပ်မတော် (ရေ)၏ (၇၇)နှစ်မြောက် တပ်မတော် (ရေ) နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ် (၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ ယနေ့တွင် တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် (၁၃၅) မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့်ရေချပေးခြင်း၊ (၆၃) မီတာ ရေငုတ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ် နှစ်စင်းအား တပ်တော်ဝင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော်(ရေ)တို့အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ (၁၃၅) မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးသည် လိုသလိုရွေးချယ်ပြောင်းလဲအသုံးပြုနိုင်သည့် ဂီယာစနစ်ပါသည့် ဒီဇယ် (သို့မဟုတ်) Gas Turbine ပေါင်းစပ်မောင်းနှင်မှုစနစ် (Combination of Diesel or Gas-CODOG) ကို တပ်ဆင်ထားသည့်စစ်ရေယာဉ်ကြီးဖြစ်ကြောင်း၊ တပ်တော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှ ယခုဖရီဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ "ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တည်ဆောက်ကာ ဝယ်ယူအသုံးပြုသူအဆင့်မှ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder) အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ကမ်းရိုးတန်းသည် ရေမိုင် ၁၂၆၀ ရှည်လျားပြီး ကျွန်းပေါင်း ၁၄၀၀ကျော်ရှိကာ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်း သဘာဝအလှတရားများစွာဖြင့် ပြည့်နှက်လျက်ရှိကြောင်း၊ ထိုသို့ကဲ့သို့ ပြီးပြည့်စုံပြီး အဖိုးတန်လှသည့်မြန်မာ့ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက် တပ်မတော် (ရေ) ကို ခေတ်မီအင်အား

EMBASSY OF MYANMAR, TOKYO

တောင့်တင်းပြီး စွမ်းရည်ထက်မြက် လာစေရေး စဉ်ဆက်မပြတ် တိုးချဲ့တည်ဆောက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက် နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဟူသည့် အသင့်ဖြစ်မှု (၃)ရပ်နှင့် ပြည့်စုံအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေးအမြဲမပြတ် လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့်အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့မှသည် နောင်ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းစွာအထိ နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို ဆက်လက်မြှင့်တင်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဖရီဂိတ်စစ်ရေယာဉ် (အောင်ဇေယျ)ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ် (ကျန်စစ်သား)၊ ဖရီဂိတ်စစ်ရေယာဉ် (ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ် (တပင်ရွှေထီး)၊ ကမ်းလွန်ကင်းလှည့်စစ်ရေယာဉ် (အင်းလေး)နှင့် ရေငုတ် သင်္ဘောတိုက်ဖျက်ရေးရေယာဉ် (ရန်ရဲအောင်)တို့က ချီတက်အလေးပြုကြစဉ်။**



**တပ်မတော်(ရေ)မှ တည်ဆောက်ပြီးခဲ့သည့် (၁၃၅)မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအား တွေ့ရစဉ်။**

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် ITAR-TASS သတင်းဌာန၏ ထိုင်းနိုင်ငံဌာနခွဲအကြီးအကဲ Mr. Igor Brovarnik အား လက်ခံတွေ့ဆုံ ရုပ်သံအင်တာဗျူးဖြေကြား

(၂၉-၁၁-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် သတင်းဌာနဖြစ်သည့် ITAR-TASS သတင်းဌာန၏ ထိုင်းနိုင်ငံဌာနခွဲ အကြီးအကဲ Mr. Igor Brovarnik အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ (၁၃၃၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ၍ ရုပ်သံအင်တာဗျူးဖြေကြား ခဲ့ပါသည်။

ထိုသို့ရုပ်သံအင်တာဗျူးပြုလုပ်ရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအဆင့်ဆင့် ပြောင်းလဲလာမှု၊ မြန်မာ-ရုရှားနှစ်နိုင်ငံဆက်ဆံရေး နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ BRICS အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအလားအလာ၊ ခေတ်သစ်ကမ္ဘာ့အခြေအနေတွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးရည်မှန်းချက်၊ အနောက်နိုင်ငံများ ၏ တစ်ဖက်သတ်ပိတ်ဆို့ကန့်သတ်မှုများ၏ သက်ရောက်မှုများကို လျော့ပါးစေရေးနည်းလမ်းများ

ကျင့်သုံးနေမှု၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ၊ မြန်မာနိုင်ငံအမျိုးသားပြန်လည်ရင်ကြားစေ့ရေး အောင်မြင်မှုရရှိရန် ဆောင်ရွက်နေမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်စပ်လျဥ်း၍ ရှင်းလင်းဖြေကြားခဲ့ပါသည်။




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် ITAR-TASS သတင်းဌာန၏ ထိုင်းနိုင်ငံဌာနခွဲအကြီးအကဲ Mr. Igor Brovarnik အား လက်ခံတွေ့ဆုံ ရုပ်သံအင်တာဗျူးဖြေကြားစဉ်။**


## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှာလ်ဘန်း ကာရာအော်လ်အား လက်ခံတွေ့ဆုံ

( ၃-၁၂-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှာလ်ဘန်း ကာရာအော်လ် ဦးဆောင်သည့် ရုရှားဒူးမားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

(၁၁:၀၀)နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲကဏ္ဍအများအပြား၌ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှာလ်ဘန်း ကာရာအော်လ်အား လက်ခံတွေ့ဆုံစဉ်။**

EMBASSY TOKYO

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး မစ္စတာ အူလာဇမီယာ ဘာရာဗီကူအား လက်ခံတွေ့ဆုံ

(၄-၁၂-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဟန္ဒိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး မစ္စတာ အူလာဇမီယာ ဘာရာဗီကူအား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ ၁၄:၀၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား (၂၅)နှစ်ပြည့် သံတမန်ဆက်ဆံရေး အထိမ်းအမှတ်များ ကျင်းပသွားရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍများအပါအဝင် ကဏ္ဍစုံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

MYANMAR, TOKYO




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး မစ္စတာ အူလာဇမီယာ ဘာရာဗီကူအား လက်ခံတွေ့ဆုံစဉ်။**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား လက်ခံတွေ့ဆုံ

(၅-၁၂-၂၀၂၄ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ (၁၀၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သမိုင်းကြောင်း အစဉ်အလာအရ ချစ်ကြည် ရင်းနှီးသောဆက်ဆံရေးကို ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများအလိုက်တည်ရှိပြီး နှစ်နိုင်ငံယန္တရား များမှတစ်ဆင့် ခိုင်မာစေရေးနှင့် နှစ်နိုင်ငံ အကျိုးရှိစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ရင်းနှီးပွင်းလင်း၍ အပြုသဘောဆောင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။**




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား လက်ခံတွေ့ဆုံစဉ်။**

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အား လက်ခံတွေ့ဆုံ

(၆-၁၂-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဂျာမနီနိုင်ငံ၊ နော့ရိုင်းဝက်စ်ဖာလီးယားပြည်နယ်ဆိုင်ရာ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးမောင်သူရအား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ နံနက် ၁၀၃၀ အချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၏ လတ်တလော ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်း ပြောကြားခဲ့ပြီး မြန်မာ-ဂျာမနီ နှစ်နိုင်ငံ ယဉ်ကျေးမှု၊ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ဂျာမနီနိုင်ငံရောက် မြန်မာနိုင်ငံသားများအကျိုးအတွက်

ကူညီစောင့်ရှောက်ပေးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နော့ရိုင်းဝက်စ်ဖာလီးယားပြည်နယ်ဆိုင်ရာ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးမောင်သူရအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နော့ရှိုင်းဝက်စ်ဖာလီးယားပြည်နယ်ဆိုင်ရာ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးမောင်သူရအားလက်ခံတွေ့ဆုံစဉ်။**

## ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်သည့် အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်

(၁၉-၁၂-၂၀၂၄ ရက်၊ ဗန်ကောက်)

ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီရမ်ဖုန် ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါ အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲအတွင်း တက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များသည် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်

EMBASSY OF MYANMAR

ရာဇဝတ်မှုများ တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပွဲအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို တက်ရောက်လာကြသည့်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရှင်းလင်းပြောကြားခဲ့သည်။

အိမ်ရှင် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ မစ္စတာ မာရစ်ဆတ်ငီရမ်ဖုန် က ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို ၁၉-၁၂-၂၀၂၄ ရက် နေ့လယ်ပိုင်းတွင် ဗန်ကောက်မြို့ရှိ Capella ဟိုတယ်၌ နေ့လယ်စာဖြင့်တည်ခင်း ဧည့်ခံခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ စွန်းဝေတုန်း နှင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ် မစ္စတာ မိုဟာမက် တိုဟိဒ်ဟူစိန် နှင့်လည်း ကောင်း၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေး နှင့်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရှရီ ဗစ်ခရမ် မစ်ဆရီ နှင့်လည်းကောင်း၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ သီးခြားဆွေးနွေးပွဲတစ်ရပ် တက်ရောက်ရန် ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်ရစ် အေ မန်နလို နှင့်လည်းကောင်း ဗန်ကောက်မြို့ရှိ Capella ဟိုတယ်၌သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု

EMBASSY OF MYANMAR, TOKYO

တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။




ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်သည့် အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်စဉ်။

EMBASSY OF M




စုပေါင်းဓာတ်ပုံရိုက်ကူးစဉ်။




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးတို့ တွေ့ဆုံဆွေးနွေးစဉ်။




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရှရီ ဗစ်ခရမ် မစ်ဆရီ တို့တွေ့ဆုံဆွေးနွေးစဉ်။




ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီရမ်ဖုန် က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ စွန်းဝေတုန်း တို့တွေ့ဆုံစဉ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ကျိန်းမနက်သ်အားလက်ခံတွေ့ဆုံ

(၂၀-၁၂-၂၀၂၄ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ကျိန်းမနက်သ်အား ၂၀-၁၂-၂၀၂၄ ရက် (သောကြာနေ့)၊ (၁၃၀၀)နာရီအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်

လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းပြောကြားခဲ့ပြီး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ကျိန်းမနက်သ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ကျိန်းမနက်သ်အား လက်ခံတွေ့ဆုံစဉ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လာအိုနိုင်ငံသံအမတ်ကြီး မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် အားလက်ခံတွေ့ဆုံ

(၂၀-၁၂-၂၀၂၄ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လာအိုနိုင်ငံသံအမတ်ကြီး မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် အား ၂၀-၁၂-၂၀၂၄ ရက် (သောကြာနေ့)၊ (၁၃၃၀)နာရီအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်

လွှဲအပ်ခြင်း ခံရသော လာအိုနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်းပြောကြားခဲ့ပြီး၊ မြန်မာ-လာအို နှစ်နိုင်ငံအကြား သမိုင်းကြောင်း အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို တည်ရှိပြီး နှစ်နိုင်ငံယန္တရားများမှတစ်ဆင့် ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံဘုံအကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်စွမ်းအား အစရှိသည့်ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လာအိုနိုင်ငံသံအမတ်ကြီး မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် အားရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လာအိုနိုင်ငံသံအမတ်ကြီး မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် အားလက်ခံတွေ့ဆုံစဉ်။**

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ သတ္တမအကြိမ်မြောက် မြန်မာ-တရုတ် (ယူနန်) ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်

(၁၂-၁၂-၂၀၂၄ ရက်၊ ကူမင်း)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်လျက် ဝန်ကြီးဌာန (၁၂)ခုမှ အစိုးရကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များလိုက်ပါသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၀-၁၂-၂၀၂၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Wyndham Grand Plaza Hotel ၌ ကျင်းပပြုလုပ်သည့် သတ္တမအကြိမ်မြောက် မြန်မာ-တရုတ် (ယူနန်) ပူးပေါင်း ဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ကူမင်းမြို့တွင်ရောက်ရှိနေစဉ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် ယူနန် ပြည်နယ်၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်သူ မစ္စတာဟူတဖန်နှင့် တွေ့ဆုံဆွေးနွေးမှု

တစ်ရပ်ပြုလုပ်ခဲ့သည့်အပြင် အဆိုပါဖိုရမ်၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ကာ မိန့်ခွန်းပြောကြားခဲ့သည်။ မိန့်ခွန်းပြောကြားရာတွင် အဓိကအားဖြင့် မြန်မာတရုတ်နှစ်နိုင်ငံ အကြားတည်ရှိပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အဆင့်မြှင့်တင်ရန်နှင့် ယူနန်ဖိုရမ် ယန္တရား အောက်တွင် မြန်မာနှင့် ယူနန်ပြည်နယ်တို့အကြား အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်သွားရေးတို့ကို ပြောကြားခဲ့သည်။

ထို့အပြင် ဝန်ကြီးဌာနကိုယ်စားလှယ်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် အုပ်စုဆွေးနွေး မှုများသို့ တက်ရောက်ခဲ့ကာ မြန်မာဘက်မှ ဦးဆောင်ဆွေးနွေးသူများအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များကလည်းကောင်း၊ တရုတ်ဘက်မှ ဦးဆောင်ဆွေးနွေးသူများအဖြစ် ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံးတို့မှ ကိုယ်စားလှယ်များကလည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအုပ်စုဆွေးနွေးမှုများ၌ နှစ်နိုင်ငံ မဟာဗျူဟာမြောက် ဘက်စုံမိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အကြား စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားလာမှုကဏ္ဍများ မြှင့်တင်ရေး၊ ချစ်ကြည်ရေး ညီအစ်မမြို့များတည်ထောင်မှုမှတစ်ဆင့် နှစ်ဖက်ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှု တိုးမြှင့်ဖော်ဆောင်ရေးကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြသည်။

အဆိုပါ အုပ်စုဆွေးနွေးမှုများအပြီးတွင် မြန်မာဘက်မှ ကိုယ်စားလှယ်ခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် တရုတ်ဘက်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဖြစ်သူ ယူနန်ပြည်နယ်၊ ဒုတိယအုပ်ချုပ်ရေးမှူးတို့က ဖိုရမ်ဆိုင်ရာ အစည်းအဝေးမှတ်တမ်းကို နှစ်ဖက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ်၊ ဒုတိယအုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

EMBASSY OF MYANMAR TOKYO




နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ယူနန်ပြည်နယ်၊
ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟူတဖန်နှင့် တွေ့ဆုံစဉ်။




သတ္တမအကြိမ်မြောက် တရုတ်(ယူနန်)-မြန်မာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် မျက်နှာစုံညီ
အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးမှ တက်ရောက်ကာ
မိန့်ခွန်းပြောကြားစဉ်။




**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ယူနန်ပြည်နယ်၊ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာဟူတဖန်တို့ ဖိုရမ်ဆိုင်ရာ အစည်းအဝေးမှတ်တမ်းကို နှစ်ဖက် လက်မှတ်ရေးထိုးစဉ်။**

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် ဌာနေကိုယ်စားလှယ်အသစ်တို့အား လက်ခံတွေ့ဆုံ

(၁၀-၁၂-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်ဖြစ်သူ Mr. Arnaud de Baecque တို့အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ ၁၃၀၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။




**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် ဌာနေကိုယ်စားလှယ်အသစ် Mr. Arnaud de Baecque တို့အား လက်ခံတွေ့ဆုံစဉ်။**

## နိုင်ငံတကာ အပူပိုင်းဒေသ သစ်ကောင်စီ၏(၆၀)ကြိမ်မြောက်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

(၂-၁၂-၂၀၂၄ ရက်၊ တိုကျို)

နိုင်ငံတကာ အပူပိုင်းဒေသ သစ်ကောင်စီ (International Tropical Timber Council-ITTC) ၏ (၆၀)ကြိမ်မြောက် အစည်းအဝေးနှင့် သက်ဆိုင်ရာကော်မတီများ၏ ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားအား ၂-၁၂-၂၀၂၄ ရက်(တနင်္လာနေ့)၊ ၀၉၃၀ နာရီမှ ၁၀၃၀ နာရီအထိ ယိုကိုဟားမားမြို့ရှိ Conference Centre တွင် ကျင်းပပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ

မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ကောင်စီအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတကာ အပူပိုင်းဒေသ သစ်ကောင်စီ (ITTC) ဥက္ကဋ္ဌ Ms. Anna Tyler က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. Hirofumi Takinami ကလည်းကောင်း၊ ယိုကိုဟားမားမြို့တော်ဝန် Mr. Takeharu Yamanaka ကလည်းကောင်း၊ ၊ ကော့စတာရီကာနိုင်ငံ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုတိယဝန်ကြီး H.E. Mr. Jorge Mario Rodriguez Zuniga ကလည်းကောင်း၊ မလေးရှားနိုင်ငံ၊ ဆာရာဝပ်ပြည်နယ်၏ မြို့ပြစီမံကိန်း၊ မြေယာအုပ်ချုပ်မှုနှင့် ပတ်ဝန်းကျင်ရေးရာ ပြည်နယ်ဒုတိယဝန်ကြီး Mr. Haji Len Talif Salleh ကလည်းကောင်း၊ ဂျပန်နိုင်ငံဆိုင်ရာ ပီရူးသံအမတ်ကြီး H.E. Mr. Roberto Seminario Portocarrero ကလည်းကောင်း နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားခဲ့ပါသည်။

နိုင်ငံတကာ အပူပိုင်းဒေသ သစ်အဖွဲ့အစည်း(International Tropical Timber Organization-ITTO) သည် အပူပိုင်းသစ်တောများ ရေရှည်စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုကို မြှင့်တင်လျက်ရှိပြီး၊ အပူပိုင်းဒေသ နိုင်ငံတကာ သစ်ကုန်သွယ်မှု တိုးချဲ့ရေး၊ ရေရှည်ထောက်ပံ့မှု ကွင်းဆက်မြှင့်တင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည့် အစိုးရချင်း အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဖွင့်ပွဲအခမ်းအနားပြီးနောက် နိုင်ငံတကာ အပူပိုင်းဒေသသစ်ကောင်စီ၏ (၆၀)ကြိမ်မြောက် အစည်းအဝေးနှင့် သက်ဆိုင်ရာကော်မတီများ၏ ဆက်စပ် အစည်းအဝေးများအား ၂-၁၂-၂၀၂၄ ရက်မှ ၅-၁၂-၂၀၂၄ ရက်အထိ ဆက်လက်ကျင်းပခဲ့ပါသည်။

EMBASSY OF MYANMAR-TOKYO




**နိုင်ငံတကာ အပူပိုင်းဒေသ သစ်ကောင်စီ (International Tropical Timber Council-ITTC) ၏ (၆၀)ကြိမ်မြောက် အစည်းအဝေးနှင့် သက်ဆိုင်ရာကော်မတီများ၏ ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။**

EMBASSY OF MYAN




**နိုင်ငံတကာ အပူပိုင်းဒေသ သစ်ကောင်စီ၏(၆၀)ကြိမ်မြောက်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်စဉ်။**

## IKEBANA International Fair 2024 သို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ ပါဝင်ဆင်နွှဲ

(၁၀-၁၂-၂၀၂၄ ရက်၊ တိုကျို)

အီကေဘားနားနိုင်ငံတကာအဖွဲ့အစည်းမှ ကြီးမှူး၍ တိုကျိုမြို့အခြေစိုက် အီကေဘားနားနိုင်ငံတကာပြပွဲ ၂၀၂၄ (IKEBANA International Fair 2024) အား ၁၀-၁၂-၂၀၂၄ ရက် (အင်္ဂါနေ့)တွင် တိုကျိုမြို့ရှိ Royal Park Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာသံရုံး၊ တိုကျိုမြို့မှ မြန်မာ့ရိုးရာလက်မှု ပစ္စည်းများအား ပါဝင်ခင်းကျင်း ပြသရောင်းချခဲ့ပါသည်။ အဆိုပါဈေးရောင်းပွဲသည် အီကေဘားနား နိုင်ငံတကာအဖွဲ့အစည်း၏ ဂုဏ်ထူးဆောင် နာယကလည်းဖြစ်သော ဂျပန်တော်ဝင်မိသားစုဝင် မင်းသမီး Takamado ၏ကြီးကြပ်မှုဖြင့် ကျင်းပသည့်ပွဲဖြစ်ပါသည်။

အဆိုပါ IKEBANA International Fair 2024 သို့ ဂျပန်ဝန်ကြီးချုပ်၏ဇနီး Mrs. Yoshiko Ishiba၊ အစိုးရအဖွဲ့အတွင်းရေးမှူးချုပ်၏ဇနီး Mrs. Yuko Hayashi ၊ တိုကျိုမြို့ အခြေစိုက်

သံရုံးများမှ သံအမတ်ကြီးများ၊ သံအမတ်ကြီးများ၏ ဇနီးများ၊ ဂျပန်နိုင်ငံသားများအပြင် စိတ်ပါဝင်စားသူ အများအပြား လာရောက်ကြည့်ရှုခဲ့ကြပါသည်။ အဆိုပါပြပွဲသို့ ဂျပန်နိုင်ငံရှိ စီးပွားရေးကုမ္ပဏီများ၊ အဖွဲ့အစည်းများအပြင် အာရှ၊ ဥရောပ၊ အာဖရိက၊ အရှေ့ အလယ်ပိုင်း နှင့် တောင်အမေရိကဒေသ နိုင်ငံများရှိ သံရုံးများမှ ပြခန်းများနှင့် ဆိုင်ခန်းများ ဖွင့်လှစ်၍ ရိုးရာအစားအသောက်များ၊ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများအား ပါဝင်ပြသ ရောင်းချခဲ့ကြပါသည်။

IKEBANA International Fair 2024 ဖွင့်ပွဲအခမ်းအနားတွင် IKEBANA International Tokyo Founding Chapter ဥက္ကဋ္ဌ Mrs. Momoyo Shimatani ၊ ဝန်ကြီးချုပ်၏ ဇနီး Mrs. Yoshiko Ishiba နှင့် ၂၀၂၄ ခုနှစ် IKEBANA International Fair ၏ ဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ် သံအမတ်ကြီးဇနီး THAI Thu Hong တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့ပြီး အခမ်းအနားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။

IKEBANA International Fair 2024 တွင် မြန်မာသံရုံးမှ ပြခန်းတစ်ခန်းဖွင့်လှစ်၍ မြန်မာ့ယဉ်ကျေးမှု ရိုးရာယွန်းထည်ပစ္စည်းများ၊ မြန်မာ့တွင်းထွက် လက်ဝတ်ရတနာများ၊ ငွေထည်ပစ္စည်းများ၊ ကျောက်စိမ်းလက်ဝတ်ရတနာများ၊ မြန်မာ့ရွှေချည်ထိုး၊ ငွေချည်ထိုး လက်မှုအသုံးအဆောင်များ၊ မြန်မာ့သစ်ဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ပိုးနှင့်ချည်ထည် အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ကော်ဖီထုတ်ကုန်များ၊ မြန်မာ့သစ်သားအား ဂျပန်နည်းပညာကို အသုံးပြု၍ ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ စသည်တို့ကို ခင်းကျင်းပြသ ရောင်းချခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ သဘာဝအလှအပများ၊ ခရီးသွားလုပ်ငန်း သတင်းအချက်အလက်များပါဝင်သည့် လက်ကမ်းစာစောင်များကိုလည်း လာရောက်ကြည့်ရှုသူများအား ဖြန့်ဝေခဲ့ပါသည်။ ဈေးရောင်းပွဲတော်မှ ရရှိသည့် အမြတ်ငွေများအား ဂျပန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုကြောင့် ထိခိုက်ခံစားရသူများသို့ လှူဒါန်းသွားမည်ဖြစ်ပါသည်။

EMBASSY OF MYANMAR, TOKYO



IKEBANA International Fair 2024 တွင် မြန်မာသံရုံးမှ ပါဝင်ဆင်နွှဲစဉ်။



ဖဲကြိုးဖြတ်ဖွင့်လှစ်သည့်အခမ်းအနားသို့ သံအမတ်ကြီးနှင့်ဇနီးပါဝင်တက်ရောက်စဉ်။



ဂျပန်ဝန်ကြီးချုပ်၏ ဇနီး Mrs. Yoshiko Ishiba မှ မြန်မာသံရုံးပြခန်းသို့ လာရောက်ကြည့်ရှုစဉ်။



သံအမတ်ကြီး၏ဇနီးမှ ဖွင့်ပွဲအခမ်းအနားယဉ်ကျေးမှုအစီအစဉ်သို့ ပါဝင်တက်ရောက်စဉ်။

## “မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဖိုရမ်” သို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ ပါဝင်တက်ရောက်

(၁၆-၁၂-၂၀၂၄ ရက်၊ တိုကျို)

ဂျပန်နိုင်ငံ၊ နာဂိုယာမြို့အခြေစိုက်၊ မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးမှ ကြီးမှူး၍ “မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဖိုရမ်” ကို ၁၃-၁၂-၂၀၂၄ ရက် (သောကြာနေ့) တွင် နာဂိုယာမြို့ရှိ Nagoya Chamber of Commerce and Industry ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဖိုရမ်သို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ သံအမတ်ကြီး ပါဝင်တက်ရောက်ခဲ့ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်မှု အခက်အခဲကို ဖြေရှင်းနိုင်ရန် ပြည်ပမှလူ့စွမ်းအားအရင်းအမြစ်များ လက်ခံနိုင်ရေးကို အလေးထား စဉ်းစားလျက် မြန်မာနိုင်ငံမှ ကျွမ်းကျင်အလုပ်သမားများ ခေါ်ယူနိုင်ရေး အခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းစုံစမ်းနိုင်ရန်ရည်ရွယ်၍ အဆိုပါဖိုရမ်ကို ကျင်းပခြင်းဖြစ်ပါသည်။

ဖိုရမ်သို့ Aichi ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Hideaki OHMURA၊ ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Ms. Satsuki Katayama၊ Aichi ပြည်နယ်လွှတ်တော်အမတ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Toshio Nishimura၊ စက်မှုနှင့် အလုပ်သမားဌာန၊ အာဆီယံသမဝါယမအသင်း၊ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမှ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတို့မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ဖိတ်ကြားထားသော ဧည့်သည်တော် စုစုပေါင်း (၁၀၀) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဖိုရမ်၌ သံအမတ်ကြီးက မြန်မာနိုင်ငံ၏ အလုပ်သမားစေလွှတ်ရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များ၊ မြန်မာကျွမ်းကျင်အလုပ်သမားများ၏ ကြိုးစားမှုနှင့် စွမ်းဆောင်ရည်များကြောင့် ဂျပန်နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်ရန် သင့်လျော်သည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် Aichi ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Hideaki OHMURA၊ ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Ms. Satsuki Katayama နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Toshio Nishimura၊ တို့မှ အမှာစကား အသီးသီးပြောကြားခဲ့ကြပါသည်။

EMBASSY OF MYANMAR, TOKYO

ဆက်လက်၍ အာဆီယံ သမဝါယမအသင်းမှ တာဝန်ရှိသူတစ်ဦးမှ နည်းပညာအလုပ်သင် သင်တန်းသားနှင့် ကျွမ်းကျင် လုပ်သားများအတွက် ကူညီပံ့ပိုးပေးမှုအခြေအနေများ၊ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် ယာဉ်မောင်း ကျွမ်းကျင်လုပ်သားများ အသစ်ထပ်မံခေါ်ယူမည့်ကိစ္စနှင့် အဆိုပါ ကဏ္ဍတွင် လိုအပ်မည့် ကျွမ်းကျင်မှု များနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။




**မြန်မာနိုင်ငံ၏ အလုပ်သမားစေလွှတ်ရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သံအမတ်ကြီးမှ ရှင်းလင်းပြောကြားစဉ်။**

EMBA




**Aichi ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Hideaki OHMURA အမှာစကားပြောကြားစဉ်။**




**ဂျပန်နိုင်ငံ အထက် လွှတ်တော်အမတ် Ms. Satsuki Katayama မှ အမှာစကားပြောကြားစဉ်။**




**မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Toshio Nishimura မှ အမှာစကားပြောကြားစဉ်။**

EMBASSY OF MY

## အာဆီယံကော်မတီ (တိုကျို)အစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားနှင့် နေ့လယ်စာစားပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

(၁၈-၁၂-၂၀၂၄ ရက်၊ တိုကျိုမြို့)

တိုကျိုမြို့အခြေစိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံကော်မတီ(တိုကျို)၏ လက်ရှိဥက္ကဋ္ဌဖြစ်သော လာအိုနိုင်ငံသံအမတ်ကြီး H.E. Mrs. Phongsamouth ANLAVAN မှ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Shahril Effendi Abd Ghany သို့ အာဆီယံကော်မတီ (တိုကျို) ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားနှင့် နေ့လယ်စာစားပွဲကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့(ဗုဒ္ဓဟူးနေ့) တွင် တိုကျိုမြို့ရှိ Sunshine Cruise Restaurant တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားနှင့်နေ့လယ်စာစားပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။ အခမ်းအနားသို့ ဂျပန်နိုင်ငံတွင် ရောက်ရှိနေသည့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dr. Kao Kim Hourn လည်း အထူးဧည့်သည်တော်အဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် လာအိုနိုင်ငံသံအမတ်ကြီး H.E. Mrs. Phongsamouth ANLAVAN ၊ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Shahril Effendi Abd Ghany နှင့် အာဆီယံ အတွင်းရေးမှူးချုပ် H.E. Dr. Kao Kim Hourn တို့က မိန့်ခွန်းများ အသီးသီးပြောကြားခဲ့ကြပါသည်။

ထို့နောက် လာအိုနိုင်ငံသံအမတ်ကြီး H.E. Mrs. Phongsamouth ANLAVAN မှ အာဆီယံကော်မတီ (တိုကျို)၏ ဥက္ကဋ္ဌအမှတ်အသား "တူ" ကို မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Shahril Effendi Abd Ghany ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အာဆီယံကော်မတီ (တိုကျို)၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို တိုကျိုမြို့အခြေစိုက် မလေးရှားသံရုံးမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ဇွန်လအထိ တာဝန်ယူဆောင်ရွက်မည် ဖြစ်ပါသည်။




**အာဆီယံ အတွင်းရေးမှူးချုပ် H.E. Dr. Kao Kim Hourn မှ မိန့်ခွန်းပြောကြားစဉ်။**




**လာအိုနိုင်ငံသံအမတ်ကြီး H.E. Mrs. Phongsamouth ANLAVAN မှ အာဆီယံ ကော်မတီ (တိုကျို)၏ ဥက္ကဋ္ဌအမှတ်အသား “တူ” ကို မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Shahril Effendi Abd Ghany ထံသို့ လွှဲပြောင်းပေးအပ်စဉ်။**

EMBASSY OF MYAN




အာဆီယံကော်မတီ (တိုကျို)အစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားနှင့်
နေ့လယ်စာစားပွဲသို့ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်စဉ်။




စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်။

## အယ်လ်ဒီပီပါတီ၏နာဂိုယာပြည်နယ်လွှတ်တော်အမတ်များနှင့် ပြုလုပ်သော မြန်မာနိုင်ငံဆိုင်ရာ ဟောပြောပို့ချပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

(၁၉-၁၂-၂၀၂၄ ရက်၊ တိုကျို)

ဂျပန်နိုင်ငံ၏ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီပါတီ)၏ နာဂိုယာပြည်နယ်လွှတ်တော်အမတ်များမှ ကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ ဟောပြောပို့ချပွဲအား ၁၉-၁၂-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)၊ ၁၅၃၀ နာရီတွင် နာဂိုယာမြို့ရှိ အယ်လ်ဒီပီပါတီအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် အယ်လ်ဒီပီပါတီ၏ နာဂိုယာ ပြည်နယ်လွှတ်တော်အမတ်များအဖွဲ့မှ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Koume Matsukawa နှင့် မြန်မာနိုင်ငံဆိုင်ရာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Toshio Nakamura တို့ကအဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့ပါသည်။ ထို့နောက် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က မိန့်ခွန်းပြောကြားခဲ့ပြီး မြန်မာသံရုံး၊ တိုကျိုမြို့မှ နိုင်ငံရေးသံမှူး၊ စီးပွားရေးသံမှူးတို့က မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် အမေး-အဖြေကဏ္ဍကို ဆက်လက်ပြုလုပ်ခဲ့ပြီး၊ မြန်မာ-ဂျပန်ဆက်ဆံမှုပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံနှင့် နာဂိုယာပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များအပေါ် တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်အမတ်များနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်းသိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO




အယ်လ်ဒီပီပါတီ၏ နာဂိုယာ ပြည်နယ်လွှတ်တော်အမတ်များ အဖွဲ့မှ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Koume Matsukawa မှအဖွင့်အမှာစကားပြောကြားစဉ်။




အယ်လ်ဒီပီပါတီ၏နာဂိုယာပြည်နယ်လွှတ်တော်အမတ်များနှင့် ပြုလုပ်သော မြန်မာနိုင်ငံဆိုင်ရာ ဟောပြောပို့ချပွဲတွင် သံအမတ်ကြီး ဦးစိုးဟန်မှ မိန့်ခွန်းပြောကြားစဉ်။




မြန်မာသံရုံး၊ တိုကျိုမြို့မှ နိုင်ငံရေး သံမှူးက မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။




မြန်မာသံရုံး၊ တိုကျိုမြို့မှ စီးပွားရေး သံမှူးက မြန်မာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။


# ဂျပန်ဟင်းလျာချက်ပြုတ်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး တက်ရောက်အမှာစကားပြောကြား

(၂၃-၁၂-၂၀၂၄ ရက်၊ တိုကျို)


ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ တိုကျိုမြို့နှင့် အာဆီယံ-ဂျပန်စင်တာ တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်ဟင်းလျာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Center for Tourism Development (CTD) ၌ ကျင်းပခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန် အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက် ၍ အမှာစကားပြောကြားခဲ့ပါသည်။

သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်နှင့် အာဆီယံ-ဂျပန်စင်တာမှ စီမံကိန်းဒါရိုက်တာ Mr. Chairat Liengkajornkiet တို့က အမှာစကား အသီးသီး ပြောကြားခဲ့ပါသည်။

ဂျပန်ဟင်းလျာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ စုစုပေါင်း (၆၀) ဦး တက်ရောက်ခဲ့ ကြပါသည်။ အဆိုပါ ဂျပန်ဟင်းလျာချက်ပြုတ်နည်းသင်တန်းအား ရက်သတ္တ (၄) ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။




**ဂျပန်ဟင်းလျာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်နှင့် အာဆီယံ-ဂျပန်စင်တာမှ စီမံကိန်းဒါရိုက်တာ Mr. Chairat Liengkajornkiet တို့က အမှာစကားအသီးသီးပြောကြားစဉ်။**





**ဂျပန်ဟင်းလျာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သံအမတ်ကြီး ဦးစိုးဟန် အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်စဉ်။**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၈ လတာ ကာလအတွင်း မြန်မာ့ဆန် တန်ချိန် ၁.၇ သန်းကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ၈ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၈၀၄ သန်းခန့် တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁.၇ သန်း ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ၈ လတာ ကာလအတွင်း ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁.၆ သန်းကျော်ကို ပင်လယ်ရေကြောင်းမှ လည်းကောင်း၊ တန်ချိန် ၃၀,၀၀၀ ကိုနယ်စပ်မှ လည်းကောင်း တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအတွင်း အောက်ပါ အတိုင်း ဆန်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်-




မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ဆန်တင်ပို့မှု လျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်၊ ဆန်ကွဲ၊ ပဲအမျိုးမျိုး၊ပြောင်း၊ ရာဘာနှင့် ရေထွက်ပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီ များ၏ တင်ပို့နိုင်သည့် ပမာဏပေါ်မူတည်၍ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ် လုပ်သူများ အသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့နှင့် ပူးပေါင်း၍ ပို့ကုန်တင်ပို့မှု လွယ်ကူချောမွေ့စေရေးနှင့် ပို့ကုန်လျာထားချက် ပြည့်မီစေရေး ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရရှိရန် ရည်မှန်းဆောင်ရွက်ခဲ့ သော်လည်း ဆန်တန်ချိန် ၁.၆ သန်းသာ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်း ရရှိခဲ့ ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်းခန့် ရရှိ ခဲ့ပါသည်။

Source: The Global New Light of Myanmar (4-12-2024)

EMBASSY OF MYANMAR, TOKYO



## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ ၇ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ သန်းကျော် တန်ဖိုးရှိ မြန်မာ့ပျားရည်များ ပြည်ပသို့ တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ ၇ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁.၁၇၉ သန်းတန်ဖိုးရှိ ပျားရည် ၇၈၆ တန်ကျော် တင်ပို့နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၇ လတာ ကာလအတွင်း ပင်လယ်ရေကြောင်းမှ တစ်ဆင့် ပျားရည်တန်ချိန် ၇၃၈ တန် တင်ပို့နိုင်ခဲ့ပြီး၊ နယ်စပ်မှ တစ်ဆင့် ပျားရည်တန်ချိန် ၄၇.၈ တန် တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာ့ပျားရည်ကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ အမေရိကန်နှင့် စင်ကာပူနိုင်ငံများသို့ အများဆုံးတင်ပို့လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပျားရည် တန်ချိန် ၂,၂၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကအားဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ပျားမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် နှမ်းပျားရည် (Sesame Honey) ၊ ဇီးပျားရည် (Jujube Honey) ၊ ပန်းနှမ်း

EMBASSY OF MYANMAR

ပျားရည် (Niger Honey)၊ နေကြာပျားရည် (sunflower Honey)၊ လိုင်ချီးပျားရည် (Lychee Honey) နှင့် ပန်းပျားရည် (Flower Honey)တို့ ထွက်ရှိပြီး နှစ်စဉ် ပျားရည် တန်ချိန် ၄၀၀၀ ကျော် ထုတ်လုပ်နိုင်လျက်ရှိပါသည်။

နှစ်စဉ်ပျားရည်ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး ၄၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ ရောင်းချလျက်ရှိပါသည်။ ပြည်တွင်းတွင် ပျားရည်ကို တိုင်းရင်း ဆေးဝါးအဖြစ် အသုံးပြုလျက် ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ မြို့နယ် ၃၁ မြို့နယ်ရှိ အစိုးရပိုင် ပျားမွေးမြူရေးစခန်း များတွင် ပျားအုံပေါင်း ၆,၂၀၀ မွေးမြူလျက်ရှိပြီး၊ ပုဂ္ဂလိကပိုင် ပျားမွေးမြူရေးလုပ်ငန်းပေါင်း ၉၅၀ ကျော်တွင် ပျားအုံပေါင်း ၂ သိန်းနီးပါး မွေးမြူလျက် ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ သီးနှံစိုက်ဧက ၂ သန်းကျော်သည်လည်း နှစ်စဉ် ပျားဝတ်မှုန်ကူးခြင်း အတွက် အထောက်အပံ့ဖြစ်စေလျက်ရှိပြီး၊ သီးနှံစိုက်ခင်းများအနီးတွင် ပျားမွေးမြူရေးလုပ်ငန်း များဆောင်ရွက်ခြင်းသည် သီးနှံအထွက်နှုန်း တိုးတက်စေရေးနှင့် အရည်အသွေးကောင်းမွန်သော ပျားရည်ထုတ်လုပ်မှုအတွက်အထောက်အပံ့ဖြစ်စေလျက်ရှိကြောင်းသိရှိရပါသည်။

**Source: The Global New Light of Myanmar (7-12-2024)**



# မြန်မာနိုင်ငံသည် လာအိုနိုင်ငံသို့ အလုပ်သမား ၃၀,၀၀၀ ခန့် စေလွှတ်

မြန်မာနိုင်ငံအနေဖြင့် မကြာသေးမီက လာအိုနိုင်ငံသို့ အေဂျင်စီများမှတစ်ဆင့် အလုပ်သမား ၃၀,၀၀၀ နီးပါး စေလွှတ်ခဲ့ကြောင်း မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAF) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။

“လာအိုနိုင်ငံသို့ အေဂျင်စီများမှတစ်ဆင့် အလုပ်သမား ၃၀,၀၀၀ ခန့် စေလွှတ်ထားပြီးဖြစ်ကြောင်း၊ အထည်ချုပ်စက်ရုံလုပ်သားများ များစွာလိုအပ်လျက်ရှိသော်လည်း ကျွမ်းကျင်လုပ်သားများဖြစ်ရန် လိုအပ်ကြောင်း၊ အခြားသောအားသာချက်တစ်ခုမှာ အလုပ်သမားများသည် Zero-cost plan အရ သွားရောက်လုပ်ကိုင်နိုင်ကြသဖြင့် အလုပ်သမားများအတွက် ကောင်းမွန်ကြောင်း၊ ကုန်ကျစရိတ်မရှိဘဲ သွားရောက်လုပ်ကိုင်နိုင်စေရေး အလုပ်သမားများအနေဖြင့် ကျွမ်းကျင်မှုရှိနေရန် အဓိကလိုအပ်ပါကြောင်း” ဖြည့်စွက်ပြောကြားခဲ့ပါသည်။

မြန်မာ-လာအို ၂ နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MoU) ကို အောက်တိုဘာလတွင် ဗီယင်ကျန်းမြို့၌ မြန်မာနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနနှင့် လာအိုနိုင်ငံ၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံအလုပ်သမားကဏ္ဍဆိုင်ရာ အခြေခံမူများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်နိုင်ရန် ရည်ရွယ်၍ လက်မှတ် ရေးထိုးခဲ့ပါသည်။

၎င်းက “လာအိုနိုင်ငံ၌ နယ်စပ်ဖြတ်ကျော်၍ ရောက်ရှိနေသည့် အလုပ်သမားများရှိပြီး အဆိုပါအလုပ်သမားများက မိတ်ဆက်ပေးမှုဖြင့် အလုပ်သမားအရေအတွက်သည် တဖြည်းဖြည်းတိုးမြင့်လာလျက်ရှိကြောင်း၊ ယခုအခါ နှစ်နိုင်ငံ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီးဖြစ်သဖြင့် အလုပ်သမားများအတွက် ပိုမိုကောင်းမွန်လာကြောင်း” ပြောကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလုပ်သမားဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အလုပ်သမားနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံအလုပ်သမားရေးရာပူးပေါင်း ဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။**

## မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းအဖြစ် သတ်မှတ်ခံရ

နေပြည်တော် ဒီဇင်ဘာ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (Representative List of the Intangible Culture Heritage of Humanity) တွင် ပါဝင်နိုင်ရေးအတွက်ဆောင်ရွက်ခဲ့ရာ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ အဆိုပြုစာတွဲ (Nomination File) ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီ (Committee of Intangible Cultural Heritage) သို့ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်တွင် ပေးပို့တင်သွင်းခဲ့သည်။

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပသည့် (၁၉) ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံမှ တင်သွင်းခဲ့သည့် “မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်” သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု

အမွေအနှစ်စာရင်းတွင် ပထမဆုံးတရားဝင် ပါဝင်ပြီဖြစ်ကြောင်း ဒီဇင်ဘာလ ၅ ရက်နေ့တွင် တရားဝင်ဆုံးဖြတ်ခဲ့ကြသည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်" ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင်ပါဝင်ခြင်းဖြင့် "မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်" ကို ကမ္ဘာက ပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း သိရှိရပါသည်။



**မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။**



၂၀၂၃ ခုနှစ်က ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ စည်ကားသိုက်မြိုက်စွာပါဝင်ဆင်နွှဲစဉ်။



၂၀၂၃ ခုနှစ် အတာသင်္ကြန်ပွဲတော် အင်းလေး ရေလယ်ဧည့်ခန်းမတွင် အင်းလေးရေပေါ်သင်္ကြန်ကို စည်ကားစွာ ကျင်းပခဲ့စဉ်။




**နေပြည်တော်လမ်းလျှောက်သင်္ကြန် သင်္ကြန်အကျနေ့တွင် လာရောက်လည်ပတ်ကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကား။**

EMBASSY OF MYANMAR